ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# တရားမျှတရေး အတူတကွ မြှင့်တင်ပေး

တရားစီရင်ရေး၏ မဟာဗျူဟာစီမံကိန်း
(၂၀၁၅ - ၂၀၁၇)

# မာတိကာ


ပြည်ထောင်စုတရားသူကြီးချုပ်၏ ဉယျောဇဉ်

နောက်ခံအကြောင်းအရာနှင့် နည်းစနစ်များ ........ ၁

၂၀၁၅ - ၂၀၁၇ ခုနှစ် မဟာဗျူဟာစီမံကိန်းအကြောင်း အကျဉ်းချုပ် ........ ၂

မဟာဗျူဟာဦးစားပေးအစီအစဉ် ........ ၃

အဓိကမဟာဗျူဟာလုပ်ငန်းနယ်ပယ်များ ........ ၄

မဟာဗျူဟာအပိုင်း (၁) အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရန် ........ ၄

မဟာဗျူဟာအပိုင်း (၂) လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန် ........ ၅

မဟာဗျူဟာအပိုင်း (၃) တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန် ........ ၆

မဟာဗျူဟာအပိုင်း (၄) တရားစီရင်ရေး၏ သာတူညီမျှမှု ၊ မျှတမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ်ထိန်းသိမ်းရန် ........ ၇

မဟာဗျူဟာအပိုင်း (၅) အမှုများစစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မှု အားကောင်းလာစေရန် ........ ၈

အဓိကလုပ်ငန်း လျာထားသတ်မှတ်ချက်များ ........ ၉

မဟာဗျူဟာစီမံကိန်းလက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း........ ၁၁

သုံးနှစ်တာ မဟာဗျူဟာ လုပ်ငန်းစဉ်အစီအစဉ် (၂၀၁၅ -၂၀၁၇ )........ ၁၂

ပထမနှစ် လုပ်ငန်းစဉ်အစီအစဉ် ........ ၁၈

အတိုကောက် အခေါ်အဝေါ်များ........ ၂၈

အဓိပ္ပါယ်ဖွင့်ဆိုချက်များ ........ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# တရားမျှတရေး အတူတကွ မြှင့်တင်ပေး

တရားစီရင်ရေး၏ မဟာဗျူဟာစီမံကိန်း (၂၀၁၅ - ၂၀၁၇)

# ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ်

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အနေနှင့် ပြဋ္ဌာန်းထားသော ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှုအခွင့်အရေးများကို ပြည်သူများ ရရှိခံစားနိုင်အောင် အာမခံချက်ပေးထားပါသည်။ နိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုသည့် လောကပါလတရားများ ထွန်းကားမှသာ ပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲစေမည် ဖြစ်ပါသည်။ တရားဥပဒေ စိုးမိုးမှုရှိအောင် ဆောင်ရွက်နိုင်မှသာ အဆိုပါတန်ဖိုးများကို ရရှိနိုင်မည်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးသည် ဒီမိုကရေစီစနစ်ကို ပီပြင်စွာ ကျင့်သုံးနိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သည့်အပြင် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ ကျောရိုးလည်းဖြစ်ပါသည်။

တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ကြိုတင်ရှိထားရမည့် လိုအပ်ချက်တစ်ခုဖြစ်သည်ကို မိမိတို့ သတိမူမိကြပါသည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားတို့၏ အခြေခံမူလအခွင့်အရေးများအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က အာမခံချက်ပေးထားခြင်း ဖြစ်ပါသည်။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသစ်ပြန်လည်ထွက်ပေါ်လာသည့် မြန်မာနိုင်ငံ၏ တရားစီရင်ရေးသည် ဒီမိုကရေစီနိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးလျက်ရှိသော စံနှုန်းများနှင့် ကိုက်ညီလျက်ရှိသည့်အပြင် တည်ဆဲဥပဒေများအရလည်း နိုင်ငံသားများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများကို ဖော်ဆောင်ပေးလျက်ရှိပါသည်။

ယခုနှစ်များအတွင်း တရားစီရင်ရေးကဏ္ဍ၌ ပြည်တွင်းနှင့် ပြည်ပရေးရာ လှုပ်ရှားဆောင်ရွက်မှုများဖြင့် ပြည့်နှက်လျက်ရှိပါသည်။ အောင်မြင်မှုများရရှိသကဲ့သို့ အချို့အချို့သော စိန်ခေါ်မှုများမှာလည်း ဆက်လက်တည်ရှိနေဆဲပင် ဖြစ်ပါသည်။ အဆိုပါစိန်ခေါ်မှုများတွင် အဖွဲ့အစည်းအလိုက်နှင့် တစ်ဦးချင်းအလိုက်ပါ အရည်အသွေးတိုးတက်မြင့်မားအောင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များလည်း ပါဝင်နေပါသည်။

ယခု တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)၏ မဟာဗျူဟာလုပ်ငန်း အစီအစဉ်များအနေနှင့် တရားစီရင်ရေးကဏ္ဍကို ပိုမိုကောင်းမွန်စေရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ထားသည့် မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များအပေါ် ကောင်းမွန်စွာ အထောက်အပံ့ပြု သွားနိုင်မည် ဖြစ်ပါသည်။

မဟာဗျူဟာစီမံကိန်း ရေးဆွဲခြင်းလုပ်ငန်းစဉ်အတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(မြန်မာ)၏ အစကနဦး ကြိုးပမ်းအားထုတ်ခဲ့မှုများအပေါ် ကျေးဇူးဥပကာရ တင်ရှိရပေသည်။ ယင်းအပြင် အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်းအပေါ် ယခု မဟာဗျူဟာစီမံကိန်း အောင်မြင်စွာ ရေးဆွဲပြီးစီးနိုင်စေရေးအတွက် ကူညီပံ့ပိုးခဲ့မှုများ၊ အားထုတ်ခဲ့မှုများအတွက်လည်းကောင်း၊ ဤစီမံကိန်းရေးဆွဲရေး အဖွဲ့ဝင်များအပေါ် ယင်းတို့၏ စဉ်ဆက်မပြတ် ကြိုးပမ်းမှုများ၊ တာဝန်ယူဆောင်ရွက်ပေးမှုများအတွက်လည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်
နေပြည်တော်

# ၁။ နောက်ခံအကြောင်းအရာနှင့် နည်းစနစ်များ

ဤမဟာဗျူဟာသည် ၂၀၁၃ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးမှ စီမံကိန်းရေးဆွဲရေး အဖွဲ့ကို ဖွဲ့စည်း၍ စတင်ဆောင်ရွက်ခဲ့သော မဟာဗျူဟာ စီမံကိန်းနှင့် အချက်အလက်ဆန်းစစ်လေ့လာမှုဆိုင်ရာ လုပ်ဆောင်မှုများအပေါ် အခြေပြုထားခြင်း ဖြစ်ပါသည်။

ဌာန၏ဆောင်ရွက်မှုများအပေါ် လေ့လာအကဲဖြတ်ရန်အတွက် စီမံကိန်းရေးဆွဲရေးအဖွဲ့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်နယ်မြေအတွင်းရှိခရိုင်တရားရုံးတစ်ရုံးနှင့် မြို့နယ်တရားရုံး ၅ ရုံးမှ အဆင့်ဆင့်သော ရုံးထိုင်တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ရုံးဝန်ထမ်းများအပါအဝင် တရားရုံးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တရားရုံးအသုံးပြုသူများကို တွေ့ဆုံ၍ လူတွေ့မေးမြန်းခဲ့ပါသည်။ စီမံကိန်းရေးဆွဲရေးအဖွဲ့သည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၏ ဌာနအသီးသီးမှ အချက်အလက်များကောက်ယူခြင်းနှင့် တစ်နိုင်ငံလုံးရှိ တရားရုံးများ၏ ၂၀၁၂ ခုနှစ် စာရင်းဇယားဆိုင်ရာ အစီရင်ခံစာများ အပေါ် အချက်အလက်ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် လူတွေ့မေးမြန်းမှုများ၊ အချက်အလက်ဆန်းစစ်လေ့လာမှုများ၊ တရားသူကြီးများ၏ လွတ်လပ်စွာ ဆောင်ရွက်မှု၊ တာဝန်ခံမှုနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာမူသဘောများ၊ အာရှပစိဖိတ်ဒေသ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုနှင့် စင်ကာပူနိုင်ငံ၏ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုအပေါ် လေ့လာမှုများနှင့် အတူ ကနဦးအစီရင်ခံစာကို တင်ပြခဲ့ပါသည်။ အဆိုပါ အစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ ၈/၂၀၁၃ ကြိမ်မြောက်အစည်းအဝေးမှ မှတ်တမ်းတင်ခဲ့ပါသည်။

စီမံကိန်းရေးဆွဲရေးအဖွဲ့၏ အစီရင်ခံစာကို အခြေပြု၍ မဟာဗျူဟာဆိုင်ရာ အရေးကြီးအချက်များနှင့် ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် လုပ်ငန်းအဆင့်အစည်းအဝေးကို ယူအင်ဒီပီနှင့် အိုင်စီဂျေမှ ကျွမ်းကျင်ပညာရှင်များနှင့်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇွန်လ ၂ ရက်နှင့် ၃ ရက် နေ့များတွင် မဟာဗျူဟာစီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲနှင့် ပြန်လည်သုံးသပ်သည့် အစည်းအဝေးကို ယူအက်ဒေ့စ်၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေး စီမံကိန်းမှ ကျွမ်းကျင်ပညာရှင်များနှင့်လည်းကောင်း အသီးသီး ပြုလုပ်ခဲ့ ပါသည်။

ရလဒ်အနေဖြင့် တရားစီရင်ရေးဆောင်ရွက်မှုနယ်ပယ်များတွင် အမှုများကိုစစ်ဆေးစီရင်ရာ၌အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မှု၊ တရားစီရင်ရေး၏ တန်းတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာနှင့် တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့တွင် အစဉ်အလိုက် အားကောင်းကြောင်း ဆန်းစစ်လေ့လာတွေ့ရှိရပါသည်။ အားအနည်းဆုံး ဆောင်ရွက်မှုများမှာ လူထု၏ တရားမျှတမှုလက်လှမ်းမီရေးဖြစ်ပြီး ယင်းနောက်တွင် တရားစီရင်ရေးအပေါ် လူထု၏ ယုံကြည်အားထားမှု ဖြစ်ပါသည်။ ထို့ကြောင့် ဤမဟာဗျူဟာတွင် လူထု၏တရားမျှတမှု လက်လှမ်းမီရေးနှင့်တရားစီရင်ရေးအပေါ် လူထု၏ယုံကြည်အားထားမှုတို့အတွက် အစီအစဉ်များကို ဦးစားပေး ဆောင်ရွက်မည်ဖြစ်ပါသည်။

# ၂။ ၂၀၁၅–၂၀၁၇ ခုနှစ် မဟာဗျူဟာစီမံကိန်းအကြောင်း အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ တရားစီရင်ရေးသည် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် အသေအချာ ကတိထား ဆောင်ရွက်သွားမည်ဖြစ်သည်။

တရားစီရင်ရေး၏ လုပ်ငန်းတာဝန်များ အောင်မြင်စေရန် အဓိကတရားစီရင်ရေးဆိုင်ရာ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ဂုဏ်သိက္ခာမြှင့်တင်ရေး

တရားစီရင်ရေးဆိုင်ရာ ရည်မှန်းချက်များကို မြှင့်တင်ရန် မဟာဗျူဟာဖော်ဆောင်မည့် နယ်ပယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**မဟာဗျူဟာအပိုင်း(၁)** အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရန်

**မဟာဗျူဟာအပိုင်း(၂)** လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန်

**မဟာဗျူဟာအပိုင်း(၃)** တရားစီရင်ရေး၏လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန်

**မဟာဗျူဟာအပိုင်း(၄)** တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ်ထိန်းသိမ်းရန်

**မဟာဗျူဟာအပိုင်း(၅)** အမှုများစစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်

# ၃. မဟာဗျူဟာ ဦးစားပေးအစီအစဉ်

မြန်မာတရားစီရင်ရေးမှ မဟာဗျူဟာဖော်ဆောင်မည့် အပိုင်း (၅)ပိုင်းကို အောင်မြင်စေရန်အတွက် နောင်လာမည့် ၃ နှစ်တာတွင် ဆောင်ရွက်ရမည့် မဟာဗျူဟာ ရည်မှန်းချက် ၁၂ ရပ်ကို ထုတ်ဖော်နိုင်ခဲ့ပါသည်။ အဆိုပါ မဟာဗျူဟာရည်မှန်းချက်များ အသီးသီးတွင် မဟာဗျူဟာ အစီအစဉ် ၃၁ ချက်ကို အကြံပြု ထောက်ခံထားပါသည်။

၃ နှစ်တာ မဟာဗျူဟာစီမံကိန်းတွင် ပြည့်စုံရှင်းလင်းသည့် မဟာဗျူဟာအစီအစဉ်များပါဝင်ပါသည်။ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက်အဓိကဦးစားပေးအစီအစဉ်များကို အဆင့်သတ်မှတ်ရန်အတွက် ဦးစားပေးဆောင်ရွက်မှုလုပ်ငန်းစဉ် ချမှတ်ထားပါသည်။ ဦးစားပေးဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် အောက်ဖော်ပြပါအတိုင်း ဦးစားပေးအဆင့်များကို အသုံးပြုမည်ဖြစ်ပါသည်။

### ဦးစားပေးအဆင့် (၁)

မဟာဗျူဟာအရ ချက်ချင်းလုပ်ဆောင်ရန် အထူးအရေးကြီး ဦးစားပေး မဟာဗျူဟာအစီအစဉ်များ

### ဦးစားပေးအဆင့် (၂)

ပထမနှစ်၊ ဒုတိယနှစ်အတွင်းရရှိနိုင်သည့်အရင်းအမြစ်များအရ လက်တွေ့အကောင်အထည်ဖော်ရမည့် ထိပ်တန်းအဆင့် ဦးစားပေး မဟာဗျူဟာအစီအစဉ်များ

### ဦးစားပေးအဆင့် (၃)

စီမံကိန်း၏ ဒုတိယနှစ်၊ တတိယနှစ်တွင် ရရှိနိုင်သည့် အရင်းအမြစ်များအရ ဆက်လက်လုပ်ဆောင်ရမည့် အလယ်အလတ်အဆင့် ဦးစားပေး မဟာဗျူဟာအစီအစဉ်များ



# ၄။ အဓိက မဟာဗျူဟာ လုပ်ငန်းနယ်ပယ်များ

## မဟာဗျူဟာအပိုင်း(၁) | အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီရေးကို ကာကွယ် စောင့်ရှောက်ရန်

မြန်မာတရားစီရင်ရေးသည် သာတူညီမျှ လက်လှမ်းမီရေးကို ပေးအပ်ရန်၊ မျှတမှုကို သေချာစေရန်နှင့် တရားဥပဒေစိုးမိုးရေးကို ထိရောက်မှုရှိစေရန် ကတိကဝတ်ထား ဆောင်ရွက်နေပါသည်။ ပြည်သူ တိုင်းသည် တရားမျှတမှုကို လက်လှမ်းမီရန် အခွင့်အရေးရှိပါသည်။ ကျွန်ုပ်တို့ တရားရုံးများကလည်း အမှုများကို မျှတလျင်မြန်စွာ ဖြေရှင်းရေးအတွက် လိုအပ်သည့်အကူအညီနှင့် သတင်းအချက်အလက် များကို ပြည်သူများသို့ ဖြည့်ဆည်းပေးမည်ဖြစ်ပါသည်။

မြန်မာတရားရုံးများသည် လုံခြုံစိတ်ချမှု၊ လွယ်ကူစွာအသုံးပြုနိုင်မှုနှင့် သာတူညီမျှသည့် တရားစီရင်ရေးအတွက် အဟန့်အတားများမှ လွတ်မြောက်ရန် ကြိုးပမ်းနေပါသည်။ ဂုဏ်သိက္ခာနှင့် ပြည်သူများ၏အခွင့်အရေး ကာကွယ်ခြင်း၊ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းခြင်းစသည့် တရားစီရင်ရေးဆိုင်ရာ အရေးကြီးကဏ္ဍများ၏ သင်္ကေတများအဖြစ် ရပ်တည်နိုင်ရန် တရားလွှတ်တော်၊ ခရိုင်နှင့် မြို့နယ်တရားရုံးများကို ခေတ်မီရန် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

### မဟာဗျူဟာရည်မှန်းချက် ၁.၁.

တရားရုံးဝန်ဆောင်မှုလုပ်ငန်းများကို အလွယ်တကူ လက်လှမ်းမီနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန်

#### မဟာဗျူဟာအရ အထူးအရေးကြီး အစီအစဉ်များ

- အများပြည်သူကိုယ်တိုင် သတင်းအချက်အလက်ရယူနိုင်သည့် ကောင်တာများ ထားရှိပေးခြင်း။
- အများပြည်သူအတွက် ခေတ်မီသော အမှုလက်ခံဌာနများ၏ ရွှေ့ပြောင်းနမူနာပုံစံ ရေးဆွဲခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်း။

### မဟာဗျူဟာရည်မှန်းချက် ၁.၂.

ပြည်သူများ၊ တရားစွဲဆိုသူများနှင့် တရားစွဲဆိုခြင်းခံရသူများ အားလုံးကို ယဉ်ကျေးလိုက်လျောလိုလားစွာ ဆက်ဆံပေးရန်

#### မဟာဗျူဟာအရ အထူးအရေးကြီး အစီအစဉ်များ

- တရားသူကြီးများ၊ ရုံးဝန်ထမ်းများကို ဝန်ဆောင်မှုနှင့် ဆက်ဆံပြောဆိုမှု သင်တန်းများပေးခြင်း။

#### ထိပ်တန်းအဆင့် ဦးစားပေး အစီအစဉ်များ

- တရားရုံးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေရေးအတွက် မှုခင်းသတင်းအချက်အလက်စနစ်အား မြှင့်တင်ပေးခြင်း။
- တရားမမှုခင်းများတွင် စေ့စပ်ဖြန်ဖြေမှုနည်းလမ်းအသုံးပြုနိုင်ရေးအတွက် ဖြစ်နိုင်ခြေများကို လေ့လာခြင်း။

### မဟာဗျူဟာရည်မှန်းချက် ၁.၃.

တရားရုံးဝန်ဆောင်မှုများကို ပြည်သူများလက်လှမ်းမီစေရေးအတွက် တရားရုံးအဆင်အပြင်များကို ပေါင်းစည်းထားသော ဒီဇိုင်းပုံစံများဖြင့် ပြန်လည်မွမ်းမံရန်

#### ထိပ်တန်းအဆင့် ဦးစားပေး အစီအစဉ်များ

- ပြည့်စုံလုံလောက်၍ စိတ်ချရသော အခွင့်အလမ်းများ ပေးအပ်နိုင်ရန်နှင့် ပြည်သူများ၏ ယုံကြည်မှုများ မြင့်မားလာစေရန်အတွက် ရွှေ့ပြောင်းတရားရုံးများတွင် အထောက်အပံ့ပစ္စည်းများကို ခေတ်မီအောင် ဆောင်ရွက်ခြင်း။

#### အလယ်အလတ် ဦးစားပေး အစီအစဉ်များ

- တစ်နိုင်ငံလုံးရှိ တရားရုံးများ၏ အထောက်အပံ့ပစ္စည်းများ တိုးတက်ရေးအစီအစဉ်များ မြှင့်တင်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

# မဟာဗျူဟာအပိုင်း(၂) | လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန်

တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းခြင်းနှင့် ထိရောက်မှုရှိစေခြင်းသည် ကျွန်ုပ်တို့ ဒီမိုကရေစီစနစ်၏ အုတ်မြစ်တစ်ခုဖြစ်ပါသည်။ မြန်မာတရားရုံးများသည် တာဝန်ယူဆောင်ရွက်မှု၊ မျှတမှုနှင့် ဘက်မလိုက်မှုတို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ဆက်ဆံပြောဆိုရေး၊ လူထုပညာပေးရေးနှင့် တရားရုံး–လူ့အစုအဖွဲ့ ပညာပေးရေးအစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ထိန်းသိမ်းရန်၊ မြှင့်တင်ရန် ကျွန်ုပ်တို့ ကြိုးပမ်းနေပါသည်။

အဆင့်ဆင့်သောတရားရုံးများတွင်ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများမှတစ်ဆင့် သတင်းမီဒီယာများ၊ ပြည်သူလူထုနှင့် ဆက်ဆံရေးကို တိုးမြှင့်ရန် ကြိုးပမ်းနေပါသည်။

တရားရုံးများသည် ဤသုံးနှစ်မဟာဗျူဟာစီမံကိန်းတွင် ဆောင်ရွက်မည့်အစီအစဉ်များကြောင့် ရရှိမည့် တရားမျှတမှုလက်လှမ်းမီရေး တိုးတက်အောင်မြင်မှုများနှင့် အချိန်နှင့်တစ်ပြေးညီ တိုးတက်လုပ်ဆောင်မှုများကို အသိပေးရာတွင် အဓိကကဏ္ဍမှ ပါဝင်ဆောင်ရွက်မည် ဖြစ်သည်။

## မဟာဗျူဟာ ရည်မှန်းချက် ၂.၁.

သတင်းမီဒီယာများ၊ ပြည်သူများနှင့် ဆက်ဆံပြောဆိုမှုကို မြှင့်တင်ရန်

### မဟာဗျူဟာအရ အထူးအရေးကြီး အစီအစဉ်များ

- တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအား သတင်းမီဒီယာနှင့် ဆက်ဆံရေးသင်တန်းများ ပို့ချပေးခြင်း။
- တရားရုံးအဆင့်ဆင့်တွင် အများပြည်သူကို သတင်းအချက်အလက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ စတင်လုပ်ဆောင်ခြင်း။

### ထိပ်တန်းအဆင့် ဦးစားပေး အစီအစဉ်များ

- အများပြည်သူ သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို နိုင်ငံတော်အဆင့်  လုပ်ဆောင်ခြင်း။

## မဟာဗျူဟာ ရည်မှန်းချက် ၂.၂.

တရားရုံးအသိုက်အဝန်းတွင် သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်

### ထိပ်တန်းအဆင့် ဦးစားပေး အစီအစဉ်များ

- တရားရုံးသတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။
- အများပြည်သူအထောက်အကူပြုသည့် အစီအစဉ်များ လုပ်ဆောင်ခြင်း။



# မဟာဗျူဟာအပိုင်း(၃) | တရားစီရင်ရေး၏လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန်

နိုင်ငံတော်အစိုးရ၏ လွတ်လပ်၍ တန်းတူညီမျှရှိသည့် ကဏ္ဍတစ်ရပ်အနေဖြင့် တရားစီရင်ရေးသည် အားလုံးအတွက် တရားမျှတမှုရှိစေရန်၊ ထုံးတမ်းစဉ်လာ တရားစီရင်ရေးလုပ်ငန်းများကို ထိန်း သိမ်းရန်နှင့် ကျွန်ုပ်တို့တာဝန်များကို ဖြည့်ဆည်းပေးနိုင်သည့် ပြည့်စုံလုံလောက်သည့်အရင်းအမြစ်များ အသေအချာရှိစေရန်အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများနှင့် အနီးကပ် လက်တွဲ ဆောင်ရွက်လျက်ရှိပါသည်။

တရားရုံးစနစ်အတွက် ဘတ်ဂျက်ကို ဥပဒေပြုအဖွဲ့မှ သတ်မှတ်ပေးပါသည်။ သို့သော် ထိုအရင်းအမြစ်များသည် တရားရုံးဝန်ဆောင်မှုအတွက် တောင်းဆိုမှုအားလုံးကို ဆောင်ရွက်ပေးရန် လုံလောက်မှုမရှိပါ။ သို့အတွက် တရားစီရင်ရေးကဏ္ဍသည် သုံးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသည့် အထူးအရေးကြီး ဦးစားပေးအစီအစဉ်များအတွက် အသုံးစရိတ်ကို အမြင့်ဆုံးတန်ဖိုးအထိ ခွဲဝေသတ်မှတ်ပေးရန် လိုအပ်ပါသည်။

တရားစီရင်ရေးကဏ္ဍ၏ လွတ်လပ်စွာတည်ရှိမှုကို ထိန်းသိမ်းရန် တရားရုံးများသည် ပြည်သူ့ဘဏ္ဍာသုံးစွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုရှိကြောင်း ဖော်ပြရန်လိုအပ်ပါသည်။ တစ်စုတစ်စည်းတည်းသော ဘတ်ဂျက်များနှင့် အသုံးစရိတ်ရှင်းတမ်းလုပ်ငန်းစဉ်များသည် ငွေအရင်းအမြစ်များကို တာဝန်ယူ၍ အကျိုးရှိစွာ သုံးစွဲနေကြောင်း ဖော်ပြရပါမည်။ ဘတ်ဂျက်တောင်းဆိုမှုများသည် ရှင်းလင်းမှန်ကန်မှုတပြီး သုံးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသည့် အထူးအရေးကြီးဦးစားပေးအစီအစဉ်များနှင့် ချိတ်ဆက်မှုရှိနေရမည် ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များသည် အဖွဲ့အစည်းအဆင့်ဆင့်၏ ဘတ်ဂျက်များနှင့် ငွေအသုံးစရိတ်ရှင်းတမ်းများကို စောင့်ကြည့်လေ့လာခြင်း၊ စိစစ်ခြင်းနှင့် အသုံးစရိတ်ခန့်မှန်းခြင်းတို့ ဆောင်ရွက်မည့် ဘတ်ဂျက်စီမံခန့်ခွဲမှုစနစ်တစ်ရပ်ကို စတင်လုပ်ဆောင်ရမည် ဖြစ်ပါသည်။

## မဟာဗျူဟာရည်မှန်းချက် ၃.၁.

ပြည်သူ့ဘဏ္ဍာကို အသုံးပြုရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုရှိစေရန်အတွက် ဘတ်ဂျက်နှင့် ငွေအသုံးစရိတ်ရှင်းတမ်းများကိုစီမံကြီးကြပ်ရန်၊ မှန်ကန်မျှတသည့်တစ်စုတစ်စည်းတည်းသောဘတ်ဂျက်ကို စီမံကြီးကြပ်ရေးအတွက် စွမ်းဆောင်ရည် တိုးမြှင့်ရန်။

### မဟာဗျူဟာအရ အထူးအရေးကြီး အစီအစဉ်များ

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော် အဆင့်များတွင် တစ်စုတစ်စည်းတည်းသော တရားရုံးဘတ်ဂျက်ကို စီမံကြီးကြပ်သည့် စွမ်းဆောင်ရည်တိုးမြှင့်ခြင်း။

- ပေါင်းစည်းထားသည့် မဟာဗျူဟာစီမံကိန်းနှင့် ဘတ်ဂျက် ဦးစားပေးအစီအစဉ်များ၏ လုပ်ငန်းစဉ်များကို သုံးသပ်ခြင်း။

### အလယ်အလတ် ဦးစားပေး အစီအစဉ်များ

- လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ ခွဲဝေသတ်မှတ်နိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာ လမ်းညွှန်ချက်များမြှင့်တင်ခြင်း။

## မဟာဗျူဟာရည်မှန်းချက် ၃.၂.

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် ထိရောက်မှုရှိသည့် တရားစီရင်ရေး စီမံခန့်ခွဲမှုအတွက် လိုအပ်သည့် စွမ်းဆောင်ရည်များကို မြှင့်တင်ရန်

### မဟာဗျူဟာအရ အထူးအရေးကြီး အစီအစဉ်များ

- သတင်းပြန်ကြားရေးဌာန/သတင်းအချက်အလက်နည်းပညာ(IT)ဌာနနှင့် စာချုပ်နှင့်တော်အမိန့်ဆိုင်ရာဌာနစသည်များကို စတင်ဖွဲ့စည်းခြင်း။

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် သတင်းအချက်အလက်နည်းပညာ(IT) စွမ်းဆောင်ရည်များ မြှင့်တင်ခြင်း။

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးဝန်ထမ်းများအတွက် သတင်းအချက်အလက်နည်းပညာ(IT) သင်တန်းများပေးခြင်း။

# မဟာဗျူဟာအပိုင်း(၄) | တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ် ထိန်းသိမ်းရန်

မြန်မာတရားရုံးများသည် အားလုံးသို့ အဆင့်မြင့်ဂုဏ်သိက္ခာ၊ မျှတမှုနှင့် ဥပဒေအရ သာတူညီမျှစွာ ကာကွယ်စောင့်ရှောက်မှု တို့ကို ဖြည့်ဆည်းပေးရန် ထားရှိသည့်ကတိကဝတ်ကို ထိန်းသိမ်းမည်ဖြစ်ပါသည်။ တရားရုံး၏ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များသည် သက်ဆိုင်ရာဥပဒေများ၊ စီမံခန့်ခွဲရေးစည်းမျဉ်းများ၊ မူဝါဒများ၊ ကျင့်ဝတ်နှင့် အတတ်ပညာဆိုင်ရာစံနှုန်းများကို စောင့်ထိန်းလိုက်နာမည် ဖြစ်ပါသည်။

ဥပဒေကို မျှတ၍ သာတူညီမျှအသုံးပြုကြောင်း သေချာစေရန်အတွက် တရားသူကြီးများအတွက် သင်တန်းများနှင့် တရားရေးလေ့ကျင့်သင်တန်းကျောင်း၏ စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ် တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ပါသည်။

တရားသူကြီးများက တည်ဆဲဥပဒေများ၊ ယခင်တရားရုံးဆုံးဖြတ်ချက်များ၊ တရားရုံးဆိုင်ရာစည်းမျဉ်းများကို လက်လှမ်းမီစေရေးအတွက် အီလက်ထရောနစ်သုံးစနစ်၊ သို့မဟုတ် ဥပဒေစာကြည့်တိုက်များ၏အဆင့် မြှင့်တင်ပေးရမည်ဖြစ်ပါသည်။

## မဟာဗျူဟာရည်မှန်းချက် ၄.၁.

တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ဗဟုသုတ၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းရည်များ တိုးမြှင့်ပေးရန်။

### မဟာဗျူဟာအရ အထူးအရေးကြီး အစီအစဉ်များ

- တရားသူကြီးများအတွက် သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာဆိုင်ရာသင်တန်းများ တိုးမြှင့်ပို့ချပေးခြင်း။
- တရားရုံးဝန်ထမ်းများအတွက် ပြည်သူလူထု၏ ကျေနပ်မှုကို ထိရောက်လုံလောက်စွာ တိုးမြှင့်နိုင်သည့် စွမ်းရည်ဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း။

### အလယ်အလတ် ဦးစားပေး အစီအစဉ်များ

- တရားသူကြီးများ ဗဟုသုတအရင်းအမြစ် လက်လှမ်းမီစေရေးအတွက်တရားစီရင်ရေးဆိုင်ရာစာကြည့်တိုက်များ၏အဆင့် မြှင့်တင်ပေးခြင်း။

## မဟာဗျူဟာရည်မှန်းချက် ၄.၂.

တရားသူကြီးများ၏ ပညာရပ်ဆိုင်ရာတိုးတက်ရေးအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးရန်။

### ထိပ်တန်းအဆင့် ဦးစားပေး အစီအစဉ်များ

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ လေ့ကျင့်ဌာနနှင့် တရားရေးလေ့ကျင့်သင်တန်းကျောင်းတို့၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။

### အလယ်အလတ် ဦးစားပေး အစီအစဉ်များ

- ကျင့်ဝတ်စည်းကမ်းများကို ပြန်လည်သုံးသပ်ခြင်း၊ တရားစီရင်ရေးဆိုင်ရာ ပညာရပ်နှင့် ကျင့်ဝတ်ဆိုင်ရာ နည်းဗျူဟာများ မြှင့်တင်ပေးခြင်း။



# မဟာဗျူဟာအပိုင်း(၅) | အမှုများ စစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်

မြန်မာတရားရုံးများသည် ရုံးရှေ့ရောက်ရှိလာသော အမှုအခင်းများကို တရားမျှတစွာဖြင့် အချိန်မီအကျိုးရှိအောင် ဆုံးဖြတ်ရန် ဆောင်ရွက်နေပါသည်။ ထိရောက်မှုရှိသည့် မှုခင်းစီမံခန့်ခွဲမှု နည်းစနစ်သည် အမှုတစ်မှုချင်းအတွက်သာမက တရားရေးစနစ်တစ်ခုလုံး၏ တရားစီရင်ရေးစီမံခန့်ခွဲမှုကို ဆောင်ရွက်နိုင်ပါသည်။

မှုခင်းလုပ်ငန်းစဉ်များ အချိန်မီဆောင်ရွက်နိုင်မှုကို ထိန်းသိမ်းခြင်းနှင့် နစ်နာသူများ၊ သက်သေများနှင့် ပြည်သူများအပေါ်ထိ ရောက်မှုမရှိသည့် တရားရုံးလုပ်ထုံးလုပ်နည်းများကြောင့် ဖြစ်ပေါ်စေသော ဝန်ထုပ်ဝန်ပိုးကို နည်းနိုင်သမျှနည်းစေခြင်းတို့သည် တရားရုံးအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို သက်ရောက်စေသည့် အလွန်အရေးပါသော အကြောင်းရင်းဖြစ်ပါသည်။

အစီအစဉ်ရေးဆွဲထားသည့်အတိုင်း ပေါ်ပေါက်သော တရားရုံး၏ ရုံးချိန်းရက်များကို အမှုသည်များ၊ နစ်နာသူများနှင့် သက်သေများက လက်ခံနိုင်ရမည်ဖြစ်သည်။ တင်းကြပ်သည့်အမှုရွှေ့ဆိုင်းမှု ကန့်သတ်ရေးမူဝါဒကို တစ်သတ်မတ်တည်း ကျင့်သုံးခြင်းဖြင့် မှုခင်းကြားနာမှုရွှေ့ဆိုင်းခြင်းကို နည်းနိုင်သမျှ နည်းစေမည် ဖြစ်ပါသည်။

မြန်မာတရားရုံးများသည် မလိုလားအပ်သည့် ကြန့်ကြာမှုများကို လျှော့ချနိုင်ရန်အတွက် ဆန်းသစ်သည့် မှုခင်းစီမံခန့်ခွဲမှုနည်းဗျူဟာများ၏ အရေးပါမှုကို အသိအမှတ်ပြုလက်ခံထားပါသည်။ ဤသုံးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် ထိုရည်မှန်းချက်ကို အောင်မြင်စေမည့် အစီအစဉ်သစ်များလည်း ပါဝင်ပါသည်။

## မဟာဗျူဟာရည်မှန်းချက် ၅.၁.

မှုခင်းလုပ်ငန်းစဉ်များ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု တိုးတက်လာစေရေးအတွက် ရှေ့ပြေးတရားရုံး၏ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကောင်းဆုံးကျင့်စဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်။

### မဟာဗျူဟာအရ အထူးအရေးကြီး အစီအစဉ်များ

- တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း။
- မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကောင်းဆုံးကျင့်စဉ်များကို မြှင့်တင်ပေးခြင်း။
- မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ပြောင်းလဲမှုများကို ချိတ်ဆက်ဆောင်ရွက်ပေးခြင်း။

### ထိပ်တန်းအဆင့် ဦးစားပေး အစီအစဉ်များ

- ရှေ့ပြေးတရားရုံးများတွင် အချက်အလက်ကိန်းဂဏန်းများ (ဥပမာအားဖြင့် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးစီးမှု၊ စစ်ဆေးဆဲအမှုများ၏ ကြာမြင့်ချိန် ကောက်ယူခြင်း၊ ရှေ့ပြေးတရားရုံးများနှင့် တစ်နိုင်ငံလုံး၏ အမှုစီရင်ဆုံးဖြတ်ရန် ကြန့်ကြာသည့်အချိန်တို့ကို) ကောက်ယူခြင်းနှင့် ယင်းနောက် အချက်အလက်ကိန်းဂဏန်းကောက်ယူသည့် နည်းလမ်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ တိုးမြှင့်ခြင်း။

## မဟာဗျူဟာရည်မှန်းချက် ၅.၂.

ပိုမိုထိရောက်မှုရှိစေရန် တရားစီရင်ရေးဆိုင်ရာ အဓိကလုပ်ငန်းစဉ်များကို လူကိုယ်တိုင်အစား အလိုအလျောက်စက်များဖြင့် လုပ်ဆောင်ရန်နှင့် ထိရောက်သောလုပ်ငန်းစနစ် အသုံးပြုခြင်း။

### အလယ်အလတ် ဦးစားပေး အစီအစဉ်များ

- မှုခင်းလမ်းကြောင်းလုပ်ငန်းစဉ်များနှင့် အမှုတွဲထိန်းသိမ်းခြင်း လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်ပါက ထိရောက်သောလုပ်ငန်းစနစ် အသုံးပြုခြင်း။
- လူအစား စက်များဖြင့် အလိုအလျောက်လုပ်ဆောင်မည့် မှုခင်းစီမံခန့်ခွဲမှုစနစ်(CMS)ကို စတင်လုပ်ဆောင်ခြင်း။
- တရားရေးဌာနတစ်ခုလုံးအတွက် သတင်းနည်းပညာ(IT) အသုံးပြုမှုဆိုင်ရာပင်မလုပ်ငန်းစီမံချက်တစ်ရပ်ပြင်ဆင်ထားခြင်း။

## မဟာဗျူဟာရည်မှန်းချက် ၅.၃.

ရှေ့ပြေးတရားရုံး၏ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုမြှင့်တင်ရေးအတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များကို ဖော်ထုတ်ရန်။

### အလယ်အလတ် ဦးစားပေး အစီအစဉ်များ

- ပြစ်မှုနှင့် တရားမမှုခင်းများတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုမြှင့်တင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များကို အကြံပြုခြင်း။

# ၅။ အဓိက လုပ်ငန်းလျာထား သတ်မှတ်ချက်များ

မဟာဗျူဟာရည်မှန်းချက်များ၏ အောင်မြင်မှုကို တိုင်းတာရန်အတွက် လုပ်ငန်းလျာထားသတ်မှတ်ချက်များကို တရားရေးအဖွဲ့အစည်းက အသိအမှတ်ပြုဖော်ဆောင်ရန် အရေးကြီးပါသည်။

အချက်အလက်အခြေခံသည့် လုပ်ငန်းလျာထားသတ်မှတ်ချက်များနှင့် ရလဒ်တိုင်းတာချက်များသည် တရားစီရင်ရေးဆိုင်ရာ တိုးတက်မှုလုပ်ငန်းစဉ်၏ အောင်မြင်မှုကို စောင့်ကြည့်စစ်ဆေးရန်အတွက် အသုံးပြုရမည့် ဓမ္မဓိဋ္ဌာန်ကျသည့် သတင်းအချက်အလက်များ ဖြစ်ပါသည်။ အသုံးပြုမည့် လုပ်ငန်းလျာထားသတ်မှတ်ချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

| အဓိကဆောင်ရွက်မှု အတိုင်းအတာ | ရည်ရွယ်ချက် | အချက်အလက် အရင်းအမြစ် | အခြေခံမျဉ်း | ရည်မှန်းကာလ | | |
|---|---|---|---|---|---|---|
| | | | | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် |
| အမှုပြီးပြတ်နှုန်း (စွဲဆိုမှုနှင့် ဆုံးဖြတ်ပြီးမှု အချိုးအစား) | ပြည်သူ့ဘဏ္ဍာ အသုံးပြုရာတွင် လုံလောက် ထိရောက်မှု၊ တာဝန်ခံမှုတို့ကို တိုင်းတာခြင်း | တစ်နိုင်ငံလုံး အမှုပြီးပြတ်မှုနှုန်း[1] | တရားမ ၉၁ % | ၉၃ % | ၉၇ % | ၁၀၀ % |
| | | | ပြစ်မှု ၉၈.၅ % | ၉၉ % | ၉၉.၅ % | ၁၀၀ % |
| | | | စုစုပေါင်း ၉၇ % | ၉၈ % | ၉၉ % | ၁၀၀ % |
| | | ရွှေ့ပြောင်းတရားရုံး အမှုပြီးပြတ်မှုနှုန်း[2] | တရားမ ၉၇ % | ၉၈ % | ၉၉ % | ၁၀၀ % |
| | | | ပြစ်မှု ၉၂ % | ၉၄ % | ၉၇ % | ၁၀၀ % |
| | | | စုစုပေါင်း ၉၃ % | ၉၅ % | ၉၈ % | ၁၀၀ % |

[1] အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် တရားရုံးများအားလုံး၏အမှုစွဲဆိုမှုနှင့် ပြီးပြတ်မှုအမှုစာရင်းဆိုင်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစီရင်ခံစာဖြစ်ပါသည်။

[2] အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် ရွှေ့ပြောင်းတရားရုံး (၃) ရုံး၏အမှုစွဲဆိုမှုနှင့် ပြီးပြတ်မှုအမှုစာရင်းဆိုင်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစီရင်ခံစာဖြစ်ပါသည်။

| အဓိကဆောင်ရွက်မှု အတိုင်းအတာ | ရည်ရွယ်ချက် | အချက်အလက် အရင်းအမြစ် | အခြေခံမျဉ်း | ရည်မှန်းကာလ | | |
|---|---|---|---|---|---|---|
| | | | | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် |
| စစ်ဆေးဆဲ အမှုများ၏ သက်တမ်း | ပြည်သူတို့၏ ယုံကြည်မှုရရန် အတွက် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်မှုနှင့် ယုံကြည် စိတ်ချမှုကို တိုင်းတာခြင်း | စစ်ဆေးဆဲ အမှုများအား ဆန်းစစ် လေ့လာသည့် အစီရင်ခံစာ [3] | ပြစ်မှု တစ်နှစ် အထက် ၇.၂ ％ | ၆.၅ ％ | ၆ ％ | ၅ ％ |
| | | | ပြစ်မှု နှစ်နှစ် အထက် ၀.၃ ％ | ၀ ％ | ၀ ％ | ၀ ％ |
| | | | တရားမ တစ်နှစ် အထက် ၁၉.၇ ％ | ၁၅ ％ | ၁၀ ％ | ၅ ％ |
| | | | တရားမ နှစ်နှစ် အထက် ၁.၃ ％ | ၁ ％ | ၀.၅ ％ | ၀ ％ |
| တရားရုံးအသုံးပြု သူများ၏ ကျေနပ်မှု | လက်လှမ်းမီခြင်း၊ အရည်အသွေး၊ မျှတမှု၊ သာတူ ညီမျှမှု၊ လွတ်လပ်မှု၊ ဂုဏ်သိက္ခာနှင့် ပြည်သူများ ယုံကြည်မှု အညွှန်းကိန်း | တရားရုံးအသုံးပြု သူများကို မေးမြန်းထားသည့် မေးခွန်း(၁၀)ခုပါ စစ်တမ်း [4] | ကျေနပ်မှု ၆၁.၅၅ ％ | ၆၄ ％ | ၇၂ ％ | ၈၀ ％ |
| အမှုရုံးချိန်း သေချာမှု - ရွှေ့ဆိုင်းသည့်နှုန်း (ရုံးချိန်းချိန်းဆိုမှု နှင့် ရွှေ့ဆိုင်းမှု အချိုး) - အမှု အလိုက် ရုံးချိန်း ချိန်းဆိုမှု အကြိမ် အရေအတွက် | ထိရောက်မှုနှင့် ပြည်သူများ ယုံကြည်မှုအတွက် အမှုချိန်းဆိုမှုနှင့် ရွှေ့ဆိုင်းမှုကို တိုင်းတာခြင်း | အမှုကြားနာရန် ချိန်းဆိုထားမှုတွင် အမှုရွှေ့ဆိုင်း မှု အချိုးအစား [5] | တရားမ ၂၅ ％ | ၂၂ ％ | ၁၈ ％ | ၁၀ ％ |
| | | | ပြစ်မှု ၄၀ ％ | ၃၅ ％ | ၃၀ ％ | ၂၀ ％ |
| | | အမှုတစ်မှုချင်း အလိုက် ကြားနာ ရန် ချိန်းဆိုထား သည့် အကြိမ် အရေအတွက် [6] | တရားမ ၁၆ | ၁၃ | ၁၀ | ၈ |
| | | | ပြစ်မှု ၁၀ | ၉ | ၇ | ၆ |

[3] အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း ရှေ့ပြေးတရားရုံး(၃)ရုံး(ခရိုင်တရားရုံး ၁ ရုံးနှင့် မြို့နယ်တရားရုံး ၂ ရုံး)တွင် ဆောင်ရွက်ခဲ့သည့် စစ်ဆေးဆဲအမှုများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါသည်။

[4] အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း ရှေ့ပြေးတရားရုံး(၃)ရုံး(ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး)တွင် ဆောင်ရွက်ခဲ့သည့် တရားရုံးအသုံးပြုသူများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါသည်။

[5] အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း ရှေ့ပြေးတရားရုံး(၃)ရုံး(ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး)တွင် ဆောင်ရွက်ခဲ့သည့် ပိတ်သိမ်းပြီးအမှုများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါ သည်။

[6] အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း ရှေ့ပြေးတရားရုံး(၃)ရုံး (ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး)တွင် ဆောင်ရွက်ခဲ့သည့် ပိတ်သိမ်းပြီးအမှုများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါ သည်။

# ၆။ မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း

မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ အဆင့်မြင့်အရာရှိများဖြင့် ဖွဲ့စည်းရန်ဖြစ်ပါသည်။ ထိုကော်မတီသည် မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်မှုကို လမ်းညွှန်ခြင်းနှင့် မဟာဗျူဟာစီမံကိန်း ဖြစ်စဉ်တိုးတက်မှု ပုံမှန်အစီရင်ခံစာများ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင် ထိုကော်မတီသည် ဒုတိယနှစ်နှင့် တတိယနှစ် လုပ်ငန်းအစီအစဉ်များကို နှစ်စဉ် ရေးဆွဲမည်ဖြစ်ပါသည်။



# ၇။ သုံးနှစ်တာ မဟာဗျူဟာ လုပ်ငန်းစဉ်အစီအစဉ် (၂၀၁၅ – ၂၀၁၇)ခုနှစ်

အောက်ဖော်ပြပါ မဟာဗျူဟာလုပ်ငန်းစဉ်သည် မဟာဗျူဟာဖော်ဆောင်မည့် အပိုင်း(၅)ပိုင်းအပေါ် အခြေခံထားပါသည်။

## မဟာဗျူဟာအပိုင်း(၁) အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရန်

| မဟာဗျူဟာ ဖော်ဆောင်မည့် နယ်ပယ်/ မဟာဗျူဟာရည်မှန်းချက် | မဟာဗျူဟာအစီအစဉ် | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | အကောင်အထည် ဖော်ရန် တာဝန်ရှိ ပုဂ္ဂိုလ် | ရလဒ်တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁.၁** တရားရုံးဝန်ဆောင်မှုလုပ်ငန်းများကို အလွယ်တကူ လက်လှမ်းမီနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန် | ၁.၁.၁ အများပြည်သူကိုယ်တိုင် သတင်းအချက်အလက် ရယူနိုင်သည့် ကောင်တာများ ထားရှိပေးခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | OUSC + PRLP | ပြည်သူများ အားရကျေနပ်မှု (တရားရုံးအသုံးပြုသူများ စစ်တမ်း) |
| | ၁.၁.၂ အများပြည်သူဆိုင်ရာ ခေတ်မီသော အမှုလက်ခံဌာနများ ရှေ့ပြေးနမူနာပုံစံ ရေးဆွဲခြင်း၊ လက်တွေ့အကောင်အထည် ဖော်ခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | | |
| **မဟာဗျူဟာရည်မှန်းချက် ၁.၂** ပြည်သူများ၊ တရားစွဲဆိုသူများ နှင့် တရားစွဲဆိုခြင်း ခံရသူများ အားလုံးကို ယဉ်ကျေးလိုက်လျော လိုလားစွာ ဆက်ဆံပေးရန် | ၁.၂.၁ တရားသူကြီးများ၊ ရုံးဝန်ထမ်းများကို ဝန်ဆောင်မှုနှင့် ဆက်ဆံပြောဆိုမှုသင်တန်းများ ပေးခြင်း။ | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | OUSC + PRLP | ပါဝင်သူများ သုံးသပ်ချက် + တရားရုံးအသုံးပြုသူများ အားရကျေနပ်မှု |
| | ၁.၂.၂ တရားရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေရေး အတွက် မှုခင်းသတင်းအချက်အလက်စနစ်အား မြှင့်တင်ပေးခြင်း။ | ထိပ်တန်းအဆင့် ဦးစားပေး | ၂၀၁၅ | OUSC | အချိန်မီပြီးစီးမှု + အသုံးပြုသူအရေအတွက် |
| | ၁.၂.၃ တရားမမှုခင်းများတွင် စေ့စပ်ဖြန်ဖြေမှုနည်းလမ်း အသုံးပြုနိုင်ရေး အတွက် ဖြစ်နိုင်ခြေများကို လေ့လာခြင်း။ | ထိပ်တန်းအဆင့် ဦးစားပေး | ၂၀၁၅ | OUSC + IP | အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၁.၃** တရားရုံးဝန်ဆောင်မှုများကို ပြည်သူများလက်လှမ်းမီစေရေး အတွက် တရားရုံးအဆင်အပြင်များ ကို ပေါင်းစည်းထားသော ဒီဇိုင်းပုံစံ များဖြင့် ပြန်လည်မွမ်းမံရန် | ၁.၃.၁ ပြည့်စုံလုံလောက်၍ စိတ်ချရသော အခွင့်အလမ်းများ ပေးအပ်နိုင်ရန်နှင့် ပြည်သူများ၏ ယုံကြည်မှုများ မြင့်မားလာစေရန်အတွက် ရှေ့ပြေး တရားရုံးများတွင် အထောက်အပံ့ပစ္စည်းများကို ခေတ်မီအောင် ဆောင်ရွက်ခြင်း | ထိပ်တန်းအဆင့် ဦးစားပေး | ၂၀၁၅ - ၂၀၁၆ | OUSC + PRLP | တရားရုံးအသုံးပြုသူများ အားရကျေနပ်မှု |
| | ၁.၃.၂ တစ်နိုင်ငံလုံးရှိတရားရုံးများ၏ အထောက်အပံ့ပစ္စည်းများ တိုးတက်ရေးအစီအစဉ်များ မြှင့်တင်ခြင်းနှင့် လက်တွေ့အကောင် အထည်ဖော် ဆောင်ရွက်ခြင်း။ | အလယ်အလတ် ဦးစားပေး | ၂၀၁၆ - ၂၀၁၇ | OUSC | ငွေလုံးငွေရင်း သုံးစွဲခြင်း ဆိုင်ရာ ပေါင်းစည်းထားသည့် နမူနာပုံစံ |

# ၇။ သုံးနှစ်တာ မဟာဗျူဟာ လုပ်ငန်းစဉ်အစီအစဉ် (၂၀၁၅ – ၂၀၁၇)ခုနှစ်

## မဟာဗျူဟာအပိုင်း(၂) လူထု၏အသိအမြင်ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာ ဖော်ဆောင်မည့် နယ်ပယ်/ မဟာဗျူဟာရည်မှန်းချက် | မဟာဗျူဟာအစီအစဉ် | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | အကောင်အထည် ဖော်ရန် တာဝန်ရှိ ပုဂ္ဂိုလ် | ရလဒ်တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၂.၁** သတင်းမီဒီယာများ၊ ပြည်သူများနှင့် ဆက်ဆံပြောဆိုမှုကို မြှင့်တင်ရန် | ၂.၁.၁ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအား သတင်းမီဒီယာနှင့် ဆက်ဆံရေးသင်တန်းများ ပို့ချပေးခြင်း။ | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | TDP + PRLP | သင်တန်းသားပို့ချနိုင်မှု အရေအတွက် + သင်တန်းဝင်နှင့် သင်တန်းပြီး ဆန်းစစ်ချက်များ |
| | ၂.၁.၂ တရားရုံးအဆင့်ဆင့်တွင် အများပြည်သူကို သတင်းအချက်အလက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ စတင်လုပ်ဆောင်ခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | OUSC | အချိန်မီပြီးစီးနိုင်မှု |
| | ၂.၁.၃ အများပြည်သူ သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို နိုင်ငံတော်အဆင့် လုပ်ဆောင်ခြင်း | ထိပ်တန်းအဆင့် ဦးစားပေး | ၂၀၁၅ | OUSC | တရားရုံးနှင့်ပတ်သက်၍ ပြည်သူများ အသိပညာတိုးတက်လာမှု(စစ်တမ်းကောက်ယူခြင်း) |
| **မဟာဗျူဟာရည်မှန်းချက် ၂.၂** တရားရုံးအသိုက်အဝန်းတွင် သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန် | ၂.၂.၁ တရားရုံးသတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ထိပ်တန်းအဆင့် ဦးစားပေး | ၂၀၁၅ | OUSC + PRLP | တရားရုံးနှင့်ပတ်သက်၍ ပြည်သူများ အသိပညာတိုးတက်လာမှု |
| | ၂.၂.၂ အများပြည်သူအထောက်အကူပြုသည့် အစီအစဉ်များ လုပ်ဆောင်ခြင်း | အလယ်အလတ် ဦးစားပေး | ၂၀၁၆ - ၂၀၁၇ | OUSC | |

# ၇ သုံးနှစ်တာ မဟာဗျူဟာ လုပ်ငန်းစဉ်အစီအစဉ် (၂၀၁၅ – ၂၀၁၇)ခုနှစ်

## မဟာဗျူဟာအပိုင်း(၃) တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာ ဖော်ဆောင်မည့် နယ်ပယ်/ မဟာဗျူဟာရည်မှန်းချက် | မဟာဗျူဟာအစီအစဉ် | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | အကောင်အထည် ဖော်ရန် တာဝန်ရှိ ပုဂ္ဂိုလ် | ရလဒ်တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၁** ပြည်သူ့ဘဏ္ဍာကို အသုံးပြုရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုရှိစေရန် အတွက် ဘတ်ဂျက်နှင့် ငွေအသုံးစရိတ် ရှင်းတမ်းများကို စီမံကြီးကြပ်ရန်၊ မှန်ကန်မျှတသည့် တစ်စုတစ်စည်းတည်းသော ဘတ်ဂျက်ကို စီမံကြီးကြပ်ရေး အတွက် စွမ်းဆောင်ရည်တိုးမြှင့်ရန် | ၃.၁.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော် အဆင့်များတွင် တစ်စုတစ်စည်းတည်းသော တရားရုံးဘတ်ဂျက်ကို စီမံကြီးကြပ်သည့် စွမ်းဆောင်ရည်တိုးမြှင့်ခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | BLDP | ရှင်းလင်းချက်နှင့်တကွ ဘတ်ဂျက်အချိန်မီတင်ပြနိုင်မှု |
| | ၃.၁.၂ ပေါင်းစည်းထားသည့် မဟာဗျူဟာစီမံကိန်းနှင့် ဘတ်ဂျက် ဦးစားပေးအစီအစဉ်များ၏ လုပ်ငန်းစဉ်များကို သုံးသပ်ခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | BLDP + Planning Team | မဟာဗျူဟာစီမံချက်နှင့် ဦးစားပေးသတ်မှတ်မှု၊ ဘတ်ဂျက်တို့ အချိတ်အဆက်မိမှု |
| | ၃.၁.၃ လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ ခွဲဝေသတ်မှတ်နိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာလမ်းညွှန်ချက်များ မြှင့်တင်ခြင်း | အလယ်အလတ် ဦးစားပေး | ၂၀၁၆ | ADP | အချိန်မီပြီးစီးခြင်း |
